Satipatthana Vipassana Association

# Invitation to the Buddha Day Puja Celebration

**Dear Dhamma friends,**

Buddhists all over the world celebrate on the second month of lunar calendar, on this **Vesak the Buddha Day**, in commemoration of (1) the Birth of the Gotama Buddha, (2) his attainment of the Full Enlightenment, his becoming endowed with Sabbannutta Nana, his becoming a Supremely Self-Enlightened Buddha, and (3) his Passing Away, Mahaparinibbana.

We invite all Dhamma friends to participate at this Buddha Day Celebration ceremony, to be held from May 2nd to May 4th, 2015 at the Chanmyay Satipatthana Vihara, Springfield, Illinois. The celebration will start at **4:30 AM** on **Saturday May 2nd 2015** with the following program.

**Program:**

1. Taking 9 precepts from the Resident Sayadaw Nyana Nanda
2. Listening to the chanting of Paritta suttas by the Sayadaw
3. Buddha Puja and Consecration chanting by the whole group
4. Offerings of flowers, water, candle lights, fruits to the Buddha
5. Starting of Satipatthana Vipassana meditation retreat

**Note:** If you would like to offer meals to Sanga and/or yogis during meditation retreat, you are welcome to do so in person or sending donation to SVA.

May all living beings, realizing dhamma, live in peace and happiness

**Satipatthana Vipassana Association**
9 Harriet Lane, Springfield, IL 62702
Tel: 217-726-9601

ချမ်းမြေ့သတိပဋ္ဌာန်ဝိပဿနာပြန့်ပွားရေးအဖွဲ့

# ကဆုန်လပြည့် ဗုဒ္ဓနေ့ ဗုဒ္ဓပူဇနီယပွဲတော် ဖိတ်ကြားလွှာ

တရားချစ်ခင်ပါရမီရှင်အပေါင်းတို့ -

ကဆုန်လပြည့်နေ့သည် ဗုဒ္ဓဘာသာဝင်တို့အတွက် (၁) ဘုရားအလောင်းတော် မီးရှူးသန့်စင်ဖွား မြင်တော်မူခြင်း၊ (၂) သစ္စာလေးပါးကို ကိုယ်တော်တိုင် သိမြင်၍ သဗ္ဗညုတ ဘုရားရှင်အဖြစ်သို့ ရောက်တော်မူခြင်း၊ (၃) ခန္ဓပရိနိဗ္ဗာန်ဝင်စံတော်မူခြင်းဟု ဘုရားရှင်နှင့်စပ်လျှင်း၍ ထူးမြတ်သည့်နေ့ဖြစ်သည့် အားလျော်စွာ ထိုနေ့ကို ကမ္ဘာ့ဗုဒ္ဓဘာသာဝင်တို့က ဗုဒ္ဓနေ့အဖြစ် သတ်မှတ်၍ ဘုရားရှင်အား ပူဇော်မှုများ ပြုလုပ် ကျင်းပလေ့ရှိကြပါသည်။

အီလီနွိုက်ပြည်နယ်၊ စပရင်းဖီးမြို့၊ ချမ်းမြေ့သတိပဋ္ဌာနဝိဟာရ၌ ၂၀၁၅ ခုနှစ် မေလ ၂ မှ ၄ ရက်နေ့ထိအောက်ပါ အစီအစဉ်အတိုင်း ဘုရားရှင်အား အာမိသ,ဓမ္မ နှစ်ဝသော ပူဇော်မှုတို့ဖြင့် ပူဇော်သော ဗုဒ္ဓပူဇနီယပွဲတော်ကို ပြုလုပ်ကျင်းပမည် ဖြစ်ပါ၍ ကုသိုလ်လိုလား သူတော်စဉ်များ ပါဝင်ဆင်နွဲနိုင်စေရန် စိတ်ရည်သန် လျက်ဖိတ်ကြား အပ်ပါသည်။

**အစီအစဉ်** ။ ။ ၂၀၁၅ မေလ ၂ ရက် **ကဆုန်လပြည့်** နံနက် ၄း၃၀ တွင်

၁) ဆရာတော်ထံမှ ကိုးပါးသီလခံယူဆောက်တည်ခြင်း
၂) ဆရာတော်ရွတ်ဆိုဟောကြားသည့် ပရိတ်တရားတော်များကို နာယူကြည်ညိုခြင်း
၃) ဆရာတော်နှင့်တကွ ပရိတ်သတ်အားလုံး စုပေါင်း ညီညာစွာ ဘုရားအနေကဇာတင်ခြင်း၊ ဘုရားရှိခိုးခြင်း
၄) ပန်း၊ ရေချမ်း၊ ဆီမီး၊ ဆွမ်း၊ သစ်သီး စသည်တို့ကို ဘုရားရှင်အား လှူဒါန်းပူဇော်ခြင်း
၅) သတိပဋ္ဌာန်ဝိပဿနာ ဘာဝနာတရားကို ပွါးများ အားထုတ်၍ ပူဇော်ခြင်း

**မှတ်ချက်** ။ ။ တရားစခန်းအတွင်း ဆွမ်းဆက်ကပ်လှူဒါန်းလိုသူ အလှူရှင်များ ကိုယ်တိုင် လာရောက်၍ဖြစ်စေ၊ အလှူငွေပေးပို့၍ဖြစ်စေ လှူဒါန်းနိုင်ပါသည်။

သတ္တဝါမှန်သရွေ့ တရားတွေ့ ချမ်းမြေ့သာယာရှိပါစေ

**ချမ်းမြေ့သတိပဋ္ဌာန်ဝိပဿနာပြန့်ပွားရေးအဖွဲ့**
9 Harriet Lane, Springfield, IL 62702
Tel: 217-726-9601